**လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ**
**ထုတ်ဝေခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ဖွင့်ဟကြေညာခြင်း**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၈ရက်

မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့အနေဖြင့် လက်ရှိအစုရှယ်ယာရှင်များအား လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြောင်းကို ဝမ်းမြောက်စွာဖြင့် အသိပေးအပ်ပါသည်။ ဤအစုရှယ်ယာအသစ်များ ထုတ်ဝေခြင်းသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် ကျပ် ၂၅,၀၀၀,၀၀၀,၀၀၀ နှင့်ညီမျှသော အစုရှယ်ယာအသစ် အစောင်ရေ ၅,၀၀၀,၀၀၀ ကို ရည်ရွယ်ထုတ်ဝေမည်ဖြစ်ပါသည်။

## (၁) အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေခြင်း၏ အသေးစိတ်အချက်အလက်များ

| | | |
|---|---|---|
| ၁။ | ကမ်းလှမ်းခြင်းအမျိုးအစား | လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေခြင်း။ |
| ၂။ | ကမ်းလှမ်းသည့် အစုရှယ်ယာစုစုပေါင်း | အစောင်ရေ ၅,၀၀၀,၀၀၀။ |
| ၃။ | တစ်စောင်ဈေးနှုန်း | ကျပ် ၅,၀၀၀။ |
| ၄။ | ကမ်းလှမ်းသည့် အချိုးအစား | ၁း၂ (ဤဖွင့်ဟကြေညာလွှာပါ အခွင့်အရေးပေးသည့် အစုရှယ်ယာများ ဝယ်ယူခွင့်ရရှိမည့် အစုရှယ်ယာရှင် အဖြစ် အတည်ပြုမည့်ရက် (R-Day) တွင် ကုမ္ပဏီ၏ အစုရှယ်ယာ (၂) စောင်ကိုင်ဆောင်ထားသော အစုရှယ်ယာရှင်တိုင်း အစုရှယ်ယာအသစ် (၁) စောင်စီ ဝယ်ယူခွင့် ရှိပါသည်။) |
| ၅။ | အခွင့်အရေးပေးသည့်အစုရှယ်ယာများကို ဝယ်ယူခွင့်ရရှိသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (R-Day) | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ ရက်။ |
| ၆။ | ကမ်းလှမ်းသည့် ကာလ | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၅ ရက် မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက် အထိ။ |
| ၇။ | ငွေပေးချေမှု စည်းကမ်းချက်များ | ဝယ်ယူမည့် အစုရှယ်ယာများအတွက် ငွေအပြည့်အဝ ပေးသွင်းရန် လိုအပ်ပါသည်။ ၎င်းပေးသွင်းငွေအတွက် ငွေပြန်အမ်းခြင်းနှင့် အတိုးပေးခြင်းပြုလုပ်မည် မဟုတ်ပါ။ |



THE CITIZENS' CHOICE

| | | |
|---|---|---|
| ၈။ | အစုရှယ်ယာပေးအပ်မည့်ရက် | အစုရှယ်ယာအသစ်များကို မတည်ငွေရင်းတိုးမြှင့်ခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စစ်ဆေးအတည်ပြုချက်ရရှိပြီး နောက်မှသာ အစုရှယ်ယာပေးအပ်မည့်ရက်ကို ကြေညာမည်ဖြစ်ပါသည်။ |
| ၉။ | ကမ်းလှမ်းသည့် အချိုးအစားအရ တွက်ချက်ရရှိလာသော အပိုင်းကိန်းများအတွက် အကျိုးခံစားခွင့် | အစုရှယ်ယာရှင်များအား ကမ်းလှမ်းသည့် အချိုးအစားအရ တွက်ချက်ရရှိလာသော အပိုင်းကိန်းများကို ထည့်သွင်းစဥ်းစားခြင်းနှင့် အလျော်အစားပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။ |
| ၁၀။ | မတည်ငွေရင်းတိုးမြှင့်ရခြင်း၏ ရည်ရွယ်ချက် | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ငွေရင်းလုံလောက်မှုဆိုင်ရာ စည်းမျဉ်းအားပြည့်မီရန်နှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ရာတွင် လိုအပ်သော မတည်ငွေရင်း ထည့်ဝင်ရန် ရည်ရွယ်ပါသည်။ |
| ၁၁။ | ကုမ္ပဏီ၏ ဥပဒေအကြံပေး အမည် | ဦးအောင်မိုး (Head of Legal, MCB bank)<br>အမှတ် ၃၈၃ ၊ မဟာဗန္ဓုလလမ်း ၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၂။ | ကုမ္ပဏီ၏ ဘဏ္ဍာရေးအကြံပေး အမည် | မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်။<br>၂၁-၂၅ ၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် (MEB) ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ |
| ၁၃။ | ထုတ်ဝေမှု တာဝန်ခံ | မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် |

## (၂) **ဝယ်ယူခွင့်ရရှိသူများ**

အခွင့်အရေးပေးသည့် အစုရှယ်ယာများထုတ်ဝေခြင်းအတွက် ဝယ်ယူခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ ရက်) တွင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များစာရင်း၌ ပါဝင်သည့် အစုရှယ်ယာရှင်များအားလုံး ဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

## (၃) **အစုရှယ်ယာရှင်များအတွက် အရေးကြီးသည့် သတင်းအချက်အလက်များ**

တစ်ဆင့်ပြန်လည် လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာများ ထုတ်ဝေခြင်းဖြစ်ပါသည်။ အစုရှယ်ယာရှင်များသည် မိမိတို့၏ အခွင့်အရေးများကို တခြားလူတစ်ဦးဦး သို့မဟုတ် တခြားအဖွဲ့အစည်းတစ်ခုခုအား လွှဲပြောင်းခွင့် သို့မဟုတ် ရောင်းချခွင့် မရှိပါ။

အစုရှယ်ယာရှင်များသည် မိမိတို့ဝယ်ယူခွင့်ရှိသော အစုရှယ်ယာအရေအတွက်အားလုံးကို ဝယ်ယူခြင်းမရှိပါက မြန်မာနိုင်ငံသားများဘဏ်ရှိ မိမိတို့၏ ပိုင်ဆိုင်မှုအချိုးအစားရာခိုင်နှုန်း လျော့ကျသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များအနေဖြင့် မြန်မာနိုင်ငံသားများဘဏ်ရှိ မိမိတို့၏ ပိုင်ဆိုင်မှုအချိုးအစားရာခိုင်နှုန်း လျော့ကျခြင်းမရှိစေရန် မိမိတို့ ဝယ်ယူခွင့်ရှိသော အစုရှယ်ယာအရေအတွက်အားလုံးကို ဝယ်ယူရန် တိုက်တွန်းအပ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် ဝယ်ယူခွင့်အချိုးအစားအရ တွက်ချက်ရာတွင် ဖြစ်ပေါ်လာသော အပိုင်းကိန်းများကို ထည့်သွင်းစဉ်းစားခြင်း သို့မဟုတ် အလျော်အစားပေးခြင်းများ ပြုလုပ်မည် မဟုတ်ပါသောကြောင့် နစ်နာဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် အစုရှယ်ယာရှင်များအနေဖြင့် မိမိတို့ ကိုင်ဆောင်ထားသော အစုရှယ်ယာများကို ရောင်းချခြင်း သို့မဟုတ် ထပ်မံဝယ်ယူခြင်းများ ပြုလုပ်နိုင်ပါသည်။

(၄) **စာရင်းသွင်းဝယ်ယူခြင်းလုပ်ငန်းစဉ်**
**ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအတွက်**

ဝယ်ယူခွင့်ရရှိသော အစုရှယ်ယာရှင်များသည် မိမိတို့နှင့်သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် အောက်ပါအတိုင်းဝယ်ယူနိုင်ပါသည်။

(၁) **အသိပေးအကြောင်းကြားခြင်း** - အစုရှယ်ယာရှင်များသည် သက်ဆိုင်ရာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ/မြန်မာနိုင်ငံသားများဘဏ်မှ ပေးပို့သော အခွင့်အရေးပေးသည့် အစုရှယ်ယာများဝယ်ယူခွင့်ရရှိမည့် အသိပေးအကြောင်းကြားခြင်းကို ရရှိမည်ဖြစ်ပါသည်။

(၂) **စာရင်းသွင်းဝယ်ယူခြင်း** - ဝယ်ယူလိုသော အစုရှယ်ယာရှင်များသည် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှတစ်ဆင့် မိမိတို့ဝယ်ယူလိုသည့် အစုရှယ်ယာများ အတွက် ငွေပေးသွင်းပြီး ဝယ်ယူနိုင်ပါသည်။ အစုရှယ်ယာရှင်များသည် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ လိုအပ်သော အသိပေးခြင်း၊ အကြောင်းပြန်ကြားခြင်းများ ပြုလုပ်မှုမရှိပါက ၎င်းတို့၏ အစုရှယ်ယာဝယ်ယူခွင့် အခွင့်အရေးများကို စွန့်လွှတ်သည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

(၃) **အစုရှယ်ယာခွဲဝေခြင်း** - အစုရှယ်ယာများကို ကမ်းလှမ်းသည့်အချိုးအစားပေါ်အခြေခံ၍ လက်ရှိပိုင်ဆိုင်ခွင့်များအတိုင်း အချိုးကျခွဲဝေရောင်းချပေးမည်ဖြစ်ပါသည်။ အစုရှယ်ယာ ပိုင်ဆိုင်မှု အချိုးအရတွက်ချက်ပြီး ရရှိလာသော အပိုင်းကိန်းများအပေါ် ဝယ်ယူခွင့်/ ခံစားခွင့်များ ရရှိမည်မဟုတ်ပါ။ စုစုပေါင်းဝယ်ယူသည့် အစုရှယ်ယာအရေအတွက်သည် ကမ်းလှမ်းထားသည့် အစုရှယ်ယာစုစုပေါင်းအရေအတွက်ထက် ပိုများခဲ့ပါက ဒါရိုက်တာအဖွဲ့

သည် အစုရှယ်ယာရှင်အားလုံး၏ အကောင်းဆုံး အကျိုးစီးပွားကိုရှေးရှု၍ ထိုပိုလျှံနေသော အစုရှယ်ယာများကို လျှော့ချခွဲဝေပေးမည်ဖြစ်ပါသည်။

(၄) **အစုရှယ်ယာပေးအပ်ခြင်း -** အစုရှယ်ယာအသစ်များကို မတည်ငွေရင်းတိုးမြှင့်ခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စစ်ဆေးအတည်ပြုချက်ရရှိပြီးနောက်မှသာ အစုရှယ်ယာရှင်၏ ငွေချေးသက်သေခံလက်မှတ်စာရင်းသို့ တိုက်ရိုက် ထည့်သွင်းပေးအပ်သွားမည် ဖြစ်ပြီး ယင်းနောက်ပိုင်းမှသာ ၎င်းအစုရှယ်ယာများသည် ရန်ကုန်စတော့အိပ်ချိန်းတွင် လက်ရှိ အရောင်းအဝယ် ပြုလုပ်လျက်ရှိသော အစုရှယ်ယာများကဲ့သို့ အရောင်းအဝယ်ပြုလုပ် နိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များအတွက် (ကုမ္ပဏီ၏ Special Account ရှိ အစုရှယ်ယာရှင်များ**)

ကုမ္ပဏီ၏ Special Account ရှိ အစုရှယ်ယာရှင်များသည် မြန်မာနိုင်ငံသားများဘဏ်သို့ တိုက်ရိုက်ဆက်သွယ်ပြီး အောက်ပါအတိုင်းဝယ်ယူနိုင်ပါသည်။

(၁) **အသိပေးအကြောင်းကြားခြင်း -** အစုရှယ်ယာရှင်များသည် မြန်မာနိုင်ငံသားများဘဏ်မှ ပေးပို့သော အခွင့်အရေးပေးသည့် အစုရှယ်ယာများဝယ်ယူခွင့်ရရှိမည့် အသိပေး အကြောင်းကြားခြင်းကို ရရှိမည်ဖြစ်ပါသည်။

(၂) **စာရင်းသွင်းဝယ်ယူခြင်း -** ဝယ်ယူလိုသော အစုရှယ်ယာရှင်များသည် မိမိတို့ဝယ်ယူလိုသည့် အစုရှယ်ယာများအတွက်ကျသင့်ငွေကို မြန်မာနိုင်ငံသားများဘဏ်သို့ တိုက်ရိုက်ပေးသွင်းပြီး ဝယ်ယူနိုင်ပါသည်။ အစုရှယ်ယာရှင်များသည် မြန်မာနိုင်ငံသားများဘဏ်သို့ လိုအပ်သော အသိပေးခြင်း၊ အကြောင်းပြန်ကြားခြင်းများ ပြုလုပ်မှုမရှိပါက ၎င်းတို့၏ အစုရှယ်ယာဝယ်ယူခွင့် အခွင့်အရေးများကို စွန့်လွှတ်သည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

(၃) **အစုရှယ်ယာခွဲဝေခြင်း -** အစုရှယ်ယာများကို ကမ်းလှမ်းသည့်အချိုးအစားပေါ်အခြေခံ၍ လက်ရှိပိုင်ဆိုင်ခွင့်များအတိုင်း အချိုးကျခွဲဝေရောင်းချပေးမည်ဖြစ်ပါသည်။ အစုရှယ်ယာ ပိုင်ဆိုင်မှု အချိုးအရတွက်ချက်ပြီး ရရှိလာသော အပိုင်းကိန်းများအပေါ် ဝယ်ယူခွင့်/ ခံစားခွင့်များ ရှိမည်မဟုတ်ပါ။ စုစုပေါင်းဝယ်ယူသည့် အစုရှယ်ယာအရေအတွက်သည် ကမ်းလှမ်းထားသည့် အစုရှယ်ယာစုစုပေါင်းအရေအတွက်ထက် ပိုများခဲ့ပါက ဒါရိုက်တာအဖွဲ့ သည် အစုရှယ်ယာရှင်အားလုံး၏ အကောင်းဆုံး အကျိုးစီးပွားကိုရှေးရှု၍ ထိုပိုလျှံနေသော အစုရှယ်ယာများကို လျှော့ချခွဲဝေပေးမည်ဖြစ်ပါသည်။

(၄) **အစုရှယ်ယာပေးအပ်ခြင်း -** အစုရှယ်ယာအသစ်များကို မတည်ငွေရင်းတိုးမြှင့်ခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စစ်ဆေးအတည်ပြုချက်ရရှိပြီးနောက်မှသာ ကုမ္ပဏီ၏ Special Account ရှိ အစုရှယ်ယာရှင်၏ စာရင်းသို့ တိုက်ရိုက်ထည့်သွင်းပေးအပ်သွားမည်ဖြစ်ပါသည်။

(၅) **စာရင်းသွင်းဝယ်ယူခြင်းမရှိပဲ ကျန်ရှိသည့် အစုရှယ်ယာများအား ဆက်လက်ရောင်းချခြင်း**

သတ်မှတ်ကာလအတွင်း ဝယ်ယူခွင့်ရှိသော အစုရှယ်ယာရှင်များမှ ဝယ်ယူခြင်းမပြုသောကြောင့် ကျန်ရှိသည့် အစုရှယ်ယာများအား ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရောင်းချသွားမည်ဖြစ်ပါသည်။

(၆) **အစုရှယ်ယာထုတ်ဝေခြင်းမှရရှိငွေကို အသုံးပြုမည့် အစီအစဉ်များ**

အခွင့်အရေးပေးသည့် အစုရှယ်ယာများ ထုတ်ဝေခြင်းမှရရှိလာမည့် ကျပ် ၂၅,၀၀၀,၀၀၀,၀၀၀ ကို အောက်ပါအတိုင်း ခွဲဝေအသုံးပြုရန် ရည်ရွယ်ထားပါသည်-

| ရည်ရွယ်ချက် | ပမာဏ (ကျပ်) |
|---|---|
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်းအား ပြည့်မီရန်နှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ရာတွင် လိုအပ်သော မတည်ငွေရင်း ထည့်ဝင်ရန် ရည်ရွယ်ပါသည်။ | ၂၅,၀၀၀,၀၀၀,၀၀၀ |

(၇) **မှတ်သားရမည့် အရေးကြီးအချက်များ**

(၁) အစုရှယ်ယာရှင်များသည် ယခုကြေညာချက်နှင့်အတူ ကုမ္ပဏီမှ ဖွင့်ဟကြေညာထားသော အခြားအရေးကြီးအချက်အလက်များကို ဂရုစိုက်သုံးသပ်သင့်ကြောင်းနှင့် ဝယ်ယူလိုသည့် အစုရှယ်ယာများအတွက် ငွေပမာဏကို သတ်မှတ်ရက်အတွင်း မြန်မာနိုင်ငံသားများဘဏ်သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ အပြည့်အဝပေးသွင်းပြီးဖြစ်ကြောင်း သေချာစေရမည် ဖြစ်ပါသည်။


(၂) အစုရှယ်ယာပိုင်ဆိုင်မှု အချိုးအရတွက်ချက်ပြီး ရရှိလာသော အပိုင်းကိန်းများအပေါ် ဝယ်ယူခွင့်/ခံစားခွင့်များ နှင့် အလျော်အစား ပေးအပ်ခြင်းများ ရှိမည်မဟုတ်ပါ။

(၃) အရေးကြီးသည့်ရက်စွဲများအား ရှင်းလင်းစွာသိမြင်နိုင်ရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| အရေးကြီး ဆောင်ရွက်ချက်များ | ရက်စွဲ |
|---|---|
| အခွင့်အရေးပေးသည့်အစုရှယ်ယာများကို ဝယ်ယူခွင့်ရရှိရန် နောက်ဆုံးအရောင်းအဝယ်ပြုရမည့်နေ့ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ ရက် (R-3) |
| အခွင့်အရေးပေးသည့်အစုရှယ်ယာများကို ဝယ်ယူခွင့် မရရှိတော့မည့်နေ့ရက် (*ဈေးနှုန်းညှိနှိုင်းမှုပြုလုပ်မည့်နေ့ရက်) | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၈ ရက် (R-2) |
| အခွင့်အရေးပေးသည့်အစုရှယ်ယာများကို ဝယ်ယူခွင့်ရရှိသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်နေ့ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ ရက် (R day) |
| အခွင့်အရေးပေးသည့်အစုရှယ်ယာများ စတင်ဝယ်ယူနိုင်သည့် နေ့ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၅ ရက် |
| အခွင့်အရေးပေးသည့်အစုရှယ်ယာများ နောက်ဆုံးဝယ်ယူနိုင်သည့်နေ့ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက် |
| ဝယ်ယူထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာများ ပေးအပ်မည့်နေ့ရက် | မတည်ငွေရင်းတိုးမြှင့်ခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စစ်ဆေးအတည်ပြုချက်ရရှိပြီးနောက် ထပ်မံကြေငြာပါမည်။ |

< အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေခြင်းကြောင့် ရှယ်ယာတန်ဖိုးအပေါ် မျှော်မှန်းသက်ရောက်မှု ကိုးကားချက် >

သီအိုရီအရတွက်ချက်ထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်း ဈေးနှုန်း (အခြေခံဈေးနှုန်းအသစ်)ကို အခွင့်အရေးပေးသည့်အစုရှယ်ယာများကို ဝယ်ယူခွင့်ရရှိရန် နောက်ဆုံး အရောင်းအဝယ်ပြုရမည့်နေ့၏ ဈေးကွက်ပိတ်ဈေးနှုန်းအပေါ် မူတည်၍ သတ်မှတ်မည်ဖြစ်ပါသည်။




*Trading with New Based Price (TERP)

**စျေးနှုန်းညှိနှိုင်းသည့် ပုံသေနည်း**

သီအိုရီအရတွက်ချက်ထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်းစျေးနှုန်း (စျေးနှုန်းအသစ်) ကို အောက်ပါအတိုင်းတွက်ချက်မည် ဖြစ်ပါသည်။

စျေးနှုန်းအသစ် = [ (လက်ရှိစျေးကွက်ပေါက်စျေး x လက်ရှိအစုရှယ်ယာစောင်ရေ) + (အခွင့်အရေးပေးသည့်အစုရှယ်ယာ၏စျေးနှုန်း x ထုတ်ဝေမည့် အစုရှယ်ယာအသစ် အစောင်ရေ) ] / ထုတ်ဝေပြီးနောက်စုစုပေါင်းအစုရှယ်ယာအစောင်ရေ

ဤစျေးနှုန်းသည် အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက် ဖြစ်ပေါ်လာမည့် အစုရှယ်ယာတစ်စောင်ချင်းစီ၏ စျေးနှုန်းအပေါ်ကို ညွှန်းဆိုပါသည်။

လက်ရှိစျေးကွက်ပေါက်စျေးသည် အခွင့်အရေးပေးသည့်အစုရှယ်ယာများကို ဝယ်ယူခွင့်ရရှိရန် နောက်ဆုံး အရောင်းအဝယ်ပြုရမည့်နေ့၏ စျေးကွက်ပိတ်စျေးနှုန်း ဖြစ်ပါသည်။

*** ထုတ်ဝေပြီးနောက်စုစုပေါင်းအစုရှယ်ယာအစောင်ရေအား တွက်ချက်ခြင်း**

ထုတ်ဝေပြီးနောက် စုစုပေါင်းအစုရှယ်ယာ အစောင်ရေ = အခွင့်အရေးပေးသည့်အစုရှယ်ယာများ ထုတ်ဝေခြင်းမပြုမီ စုစုပေါင်းအစုရှယ်ယာ အရေအတွက် **+** အခွင့်အရေးပေးသည့် အစုရှယ်ယာများထုတ်ဝေမှုတွင် ကမ်းလှမ်းထားသည့် အစုရှယ်ယာအရေအတွက်

***ပိုင်ဆိုင်မှု လျော့ကျခြင်းအား တိုင်းတာခြင်း**

အစုရှယ်ယာတစ်စောင်၏ လျော့ကျမည့်တန်ဖိုး **=** အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေခြင်း မပြုမီ စျေးကွက်ပေါက်စျေး - သီအိုရီအရ တွက်ချက်ထားသော အခွင့်အရေးပေးသည့် အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်း စျေးနှုန်း (စျေးနှုန်းအသစ်)

အထက်ပါသီအိုရီအရတွက်ချက်ထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်းစျေးနှုန်း၊ ထုတ်ဝေပြီးနောက်စုစုပေါင်းအစုရှယ်ယာအစောင်ရေ၊ ပိုင်ဆိုင်မှုလျော့ကျခြင်းနှင့် စပ်လျဉ်းသော သတင်း အချက်အလက်များကို ပိုင်ဆိုင်မှုလျော့ကျခြင်းမှ ရှောင်လွှဲနိုင်စေရန်အလို့ငှာ အစုရှယ်ယာရှင်များအနေဖြင့် လေ့လာစောင့်ကြည့် ဝယ်ယူနိုင်စေရန်အတွက် အခွင့်အရေးပေးသည့်

အစုရှယ်ယာကို ဝယ်ယူခွင့်ရရှိရန် နောက်ဆုံးအရောင်းအဝယ်ပြုရမည့်နေ့ရက်၏ နောက်ပိုင်းတွင် ကြေငြာပေးမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းစုံစမ်းရန် သို့မဟုတ် အကူအညီလိုအပ်ပါက အောက်ဖော်ပြပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

- အီးမေး - accountscod@mcb.com.mm
- ဖုန်း - ၀၁-၈၂၄၁၈၀၀ / ၀၉-၄၅၂၂၁၈၁၉၄

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ချိုချိုအေး
(Deputy Chief Executive Officer)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

# Disclosure Announcement

Date: 28th November 2025

## Non-Renounceable Rights Issue

The Board of Directors ("the Board") of Myanmar Citizens Bank Public Company Limited ("the Company") is pleased to announce the approval of a **non-renounceable rights issue** for existing shareholders. This offering, authorized under the Company's Constitution, Myanmar Companies Law (2017) and with approval from the relevant regulatory authorities, aims to raise a total of MMK 25,000,000,000 through the issuance of 5,000,000 new ordinary shares.

### I. Key Details of the Rights Issue

| | | |
|---|---|---|
| 1. | **Type of Offering** | Non-Renounceable Rights Issue |
| 2. | **Total Shares Offered** | 5,000,000 shares |
| 3. | **Issue Price** | MMK 5,000 per share |
| 4. | **Offering Ratio** | 1:2 (1 new share for every 2 shares held as recorded on R-day noted in the below item 5 and the Section II and VII.) |
| 5. | **Record Date (R-day)** | 10th December 2025 |
| 6. | **Offer Period** | 15th December 2025 to 30th January 2026 |
| 7. | **Payment Terms** | Full payment is required upon subscription and it is non-refundable and interest-free. |
| 8. | **Credit Date for Offered Shares** | This date will be separately announced only after obtaining approval from the Central Bank of Myanmar ("CBM") for the capital increase. |
| 9. | **Fractional Entitlements** | Fractional entitlements to rights issue will be disregarded and will not be compensated. |
| 10. | **Purpose of the Capital Raise** | The purposes of the capital raise are to strengthen the Company's capital base for the Capital Adequacy Regulation by CBM, and to provide the necessary capital for opening new branches. |
| 11. | **Legal Advisor** | **U Aung Moe – Head of Legal, MCB Bank**<br>No.383, Mahabandoola Road, Kyauktada Township, Yangon. |
| 12. | **Financial Advisor** | **Myanmar Securities Exchange Centre Co., Ltd. ("MSEC")**<br>21-25, Sule Pagoda Road, 1st Floor of MEB (Yangon Region Office), Yangon, Myanmar. |
| 13. | **Issue Manager** | Myanmar Securities Exchange Centre Co., Ltd. ("MSEC") |

### II. Eligibility

The rights issue is open to all shareholders whose names are recorded in the Company's register of members as of the record date 10th December 2025 (R-day).

### III. Important Information for Shareholders

This is a non-renounceable rights issue, which means shareholders are not allowed to transfer or sell his/her own rights to any other parties.

If shareholders do not subscribe for his/her full proportional entitlement, the percentage of ownership in the Company will be diluted. Therefore, shareholders are strongly advised to consider subscribing to his/her full entitlement to avoid dilution of shareholding.

Shareholders have options to choose either to dispose of his/her holding size of the shares or to top up the size as far as possible to receive full rights of this issue as fractional rights will be disregarded and will not be compensated.

### IV. Subscription Process

**For Shareholders with Securities Accounts:**
Eligible shareholders can subscribe through the designated securities companies as follows:

1. **Notification**: Shareholders will receive a notification from the designated securities company/the Company detailing their entitlements.
2. **Subscription**: Shareholders must fill the application form and make full payment through their designated securities company. If the shareholders fail to provide the required notice or response to the designated securities company, his/her rights to subscribe will be regarded as waived.
3. **Share Allocation**: Shares will be offered and allocated in proportion to existing holdings based on the offering ratio. Fractional entitlements will be disregarded. In the event where the total exercised rights result in more than the number of Total Shares Offered, the Board of Directors shall scale down such excess shares in the best interests of all shareholders.
4. **Share Crediting**: The new shares will be credited directly to the shareholder’s securities account can be traded on Yangon Stock Exchange Joint-Venture Company Limited (“YSX) the same as the shares traded on YSX only after obtaining approval from CBM for the capital increase.

**For Shareholders without Securities Accounts (Held in Company's Special Account):**
Shareholders who hold shares in the Company's Special Account may subscribe directly through the Company as follows:

1. **Notification**: The Company will notify these shareholders of the entitlements.
2. **Subscription**: Shareholders must confirm his/her subscription and provide full payment directly to the Company. If the shareholders fail to provide the required notice or response to the Company, his/her rights to subscribe will be regarded as waived.
3. **Share Allocation**: Shares will be offered and allocated in proportion to existing holdings based on the offering ratio. Fractional entitlements will be disregarded. In the event where the total exercised rights result in more than the number of Total Shares Offered, the Board of Directors shall scale down such excess shares in the best interests of all shareholders.
4. **Record Update**: Subscribed shares will be recorded in the Company’s Special Account only after obtaining approval from CBM for the capital increase.

### V. Disposal of Unsubscribed Shares

Any shares not subscribed by eligible shareholders by the Closing Date may, at the Board's discretion, be offered in accordance with the Company’s constitution and existing applicable laws and regulations.

**VI. Use of Proceeds**

The proceeds from this rights issue MMK 25,000,000,000 are intended to be as follows:

| **Purpose** | **Amount (MMK)** |
| --- | --- |
| To strengthen the Company's capital base for the Capital Adequacy Regulation by CBM and to provide the necessary capital for opening new branches | 25,000,000,000 |

**VII. Important Notes**

1. Shareholders should carefully review this announcement and any accompanying materials and ensure that subscriptions and full payments are received by the Company or the Securities Companies before the Closing Date.

2. Fractional entitlements be disregarded and will not be compensated.

3. For clarity, a calendar of important dates is set out below:

| Important Event | Date |
| --- | --- |
| Last Day to Trade for the Rights entitlement of offering shares | 5th December 2025 (R-3) |
| Ex-Rights Date [*Price Adjustment will be made] | 8th December 2025 (R-2) |
| Record Date | 10th December 2025 (R-day) |
| Opening Date | 15th December 2025 |
| Closing Date | 30th January 2026 |
| Credit Date for the Rights Offering Shares | This date will be announced only after obtaining approval from CBM for the capital increase. |

<Reference on expected impact over share value by the Rights Issue>

*The theoretical ex-rights price (TERP) **[new base price]** will be set with the closing price on last day to Trade.




Price Adjustment Formula:

The theoretical ex-rights price ("TERP") is calculated as follows:

$$\text{TERP} = \frac{(\text{Current Market Price x Existing Shares}) + (\text{Rights Issue Price x New Shares})}{\text{Total Shares After Issue}}$$

This price reflects the combined value of the shares post-rights issue.

#Current Market Price is the closing price of the last day to trade (R-3 date).

*** Calculation of the number of Total Shares after Issue**

Total Shares after Issue = The total number of shares before the rights issue + The number of shares being offered under the rights issue

*** Measurement of the Dilution Effect**

Dilution per share = Pre-rights market price – TERP

<The above information of TERP, Total Number of Shares after Issue and Dilution Effect will be disclosed after the last day to trade for the rights entitlement in order to observe by the shareholders and to subscribe the new shares to avoid dilution effect.>

4. For inquiries or assistance, shareholders may contact:
   - **Email**: accountscod@mcb.com.mm
   - **Phone**: 01-8241800 / 09-452218194

**By Order of the Board**

Cho Cho Aye

Deputy Chief Executive Officer

**Myanmar Citizens Bank**